# မြန်မာနိုင်ငံ၏ Universal Periodic Review (ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်) ဒုတိယအကျော့အတွက် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်းနှင့်ပတ်သတ်သည့် အကြောင်းအရာများအား ပူးပေါင်းအဆိုပြု တင်သွင်းခြင်း

ဇူလိုင် 09, 2020

MCRB သည် မြန်မာ့ဒစ်ဂျစ်တယ်အခွင့်အရေးဖိုရမ် (MDRF)တွင်ပါဝင်သည့် ၎င်း၏မိတ်ဖက် အဖွဲ့အစည်းများဖြစ်သော "မြန်"အိုင်စီတီ (MIDO)၊ လွတ်လပ်သောထုတ်ဖော်ပြောဆိုခြင်း မြန်မာ (FEM) တို့အပါအဝင် အဖွဲ့အစည်းပေါင်း (၁၂) ခုတို့နှင့်အတူ မြန်မာနိုင်ငံ၏ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခြင်း၊ သတင်းအချက်အလက်များအား လွတ်လပ်စွာ ရယူနိုင်ခြင်း၊ လွတ်လပ်စွာစုဝေးနိုင်ခြင်းတို့နှင့် ပတ်သတ်သည့် အကြောင်းအရာများအား ဖော်ပြထားသော အစီရင်ခံစာတစ်စောင်အား ရေးသားပြုစုကာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ထံသို့ မြန်မာနိုင်ငံအတွက် ဒုတိယအချီ Universal Periodic Review အား ပြုစုခြင်းမစမီအချိန်တွင် ပေးပို့ခဲ့ပါသည်။ Universal Periodic Review သည်ကား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးမှ အဖွဲ့ဝင်နိုင်ငံအချင်းချင်း၏ လူ့အခွင့်အရေး မှတ်တမ်းများအား လေ့လာသုံးသပ်ကြသော ယန္တရားတစ်ခုဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံချင်းစီ၏ မှတ်တမ်းများအား သုံးသပ်ခြင်းကို ယေဘူယျအားဖြင့် ငါးနှစ်လျှင်တစ်ကြိမ် ပြုလုပ်ကြပါသည်။ မြန်မာနိုင်ငံ၏ လူ့အခွင့်အရေးမှတ်တမ်းများအား ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီမှ ၂၀၂၁ခုနှစ်အစောပိုင်းတွင် ကျင်းပမည့် (၃၇) ကြိမ်မြောက် အလုပ်ရုံ စည်းဝေးပွဲတွင် လေ့လာသုံးသပ်သွားမည်ဖြစ်သည်။

ယခု ပူးပေါင်းတင်သွင်းလိုက်သော UPR အစီရင်ခံစာ သည် မြန်မာနိုင်ငံအနေဖြင့် ပြည့်စုံသော ဥပဒေရေးရာ ပြုပြင်ပြောင်းလဲမှုအား လုပ်ဆောင်ရန်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုနိုင်ခြင်းဟူသော အခွင့်အရေးအား လက်ကိုင်ကျင့်သုံးကြသူများအား တရားစွဲဆိုခြင်းအား ရပ်တန့်ရန်၊ "အမုန်းစကား"အား တိုက်ဖျက်ရန် အပြုသဘောဆောင်သော မူဝါဒလုပ်ဆောင်ချက်များ ချမှတ်ရန်နှင့် ရခိုင်နှင့်ချင်းပြည်နယ်တို့တွင် အင်တာနက် ဖြတ်တောက်မှုအား ရုတ်သိမ်းရန်လိုကြောင်းအား အကြံပြုထောက်ပြထားကာ မြန်မာနိုင်ငံအနေဖြင့် ဆောင်ရွက်သင့်သော အခြားသောကိစ္စရပ်များစွာကို လည်း ထည့်သွင်းဖော်ပြထားပါသည်။ MCRBသည် မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်အတွင်းရှိ လွတ်လပ်စွာ ထုတ်ဖော်နိုင်ခြင်းနှင့်ပတ်သတ်သည့် အားနည်းချက်များ အား ၎င်း၏ ၂၀၁၅ခုနှစ် မြန်မာ့ သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာကဏ္ဍ (အိုင်စီတီ)၏ သက်ရောက်မှုများအား လေ့လာဆန်းစီခြင်း အစီရင်ခံစာ တွင် မီးမောင်းထိုးဖော်ပြခဲ့ပါသည်။

ပြည်တွင်းဥပဒေများသည် လွတ်လပ်စွာထုတ်ဖော် ပြောဆိုခြင်း၊ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့် စသော နိုင်ငံတကာ လူ့အခွင့်အရေးစံနှုန်းများ နှင့် ကိုက်ညီမှုမရှိပါက ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံ လမ်းညွှန်ချက်များ အတွင်းတွင် ထည့်သွင်းဖော်ပြထားသော "လူ့အခွင့်အရေးအား လေးစားလိုက်နာရန်"တာဝန်အား ကျေပွန်အောင် ဆောင်ရွက်နေကြသော စီးပွားရေး လုပ်ငန်းများအတွက် လိုက်နာကျင့်သုံးဆောင်ရွက်ရန် ခက်ခဲသည့် အခြေအနေများကို ဖြစ်ပေါ်စေပါသည်။ မကြာသေးမီအချိန်များအတွင်းတွင် MCRBသည် အစိုးရမှ ဝက်ဘ်ဆိုဒ်များအား ပိတ်ဆို့ရန် မိုဘိုင်း ဒေတာနှင့် အင်တာနက်ရရှိမှုများအား ကန့်သတ် ထိန်းချုပ်ရန်အတွက် အသုံးပြုခဲ့သော ၂၀၁၃ခုနှစ် ဆက်သွယ်ရေးဥပဒေ၏ ပုဒ်မ ၇၇ နှင့် အခြားသော အငြင်းပွားဖွယ်ပုဒ်မများအား ပြင်ဆင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မှုတစ်ခုလုပ်ဆောင်ရန် စိတ်ပါ ဝင်စားလိုလားကြသော် MDRF မိတ်ဖက်အဖွဲ့အစည်း များ၊ စီးပွားရေးလုပ်ငန်းများနှင့်အတူ ပူးပေါင်း ဆောင်ရွက်မှုများကို လုပ်ဆောင်ခဲ့ပါသည်။

Facebook LinkedIn Twitter



Universal Periodic Review သည်ကား ကုလ
ဝင်နိုင်ငံများအားလုံးမှ အဖွဲ့ဝင်နိုင်ငံ အချင်းချင်း
အခွင့်အရေး မှတ်တမ်းများအား လေ့လာသုံးသ
ယန္တရားတစ်ခုဖြစ်ပါသည်။

## သတင်းစဉ်

### မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယ
အထောက်အကူပြုဌာန (MCRB
မြန်မာနိုင်ငံရှိ ပုဂ္ဂလိကလုံခြုံရေ
များဆိုင်ရာ အစီရင်ခံစာထုတ်ပြ

ဖေဖော်ဝါရီ 17, 2022



မြန်မာ့စီးပွားရေးကဏ္ဍတ
ရှိရေးအထောက်အကူပြု
(MCRB) မှ "မြ
ပုဂ္ဂလိက လုံခြုံရေးကုမ္ပဏီများ- အခြေ
ချက်၊ လူ့အခွင့်အရေးဆိုင်ရာအန္တရာ
လေ့လာဆန်းစစ်ခြင်းနှင့် အကြံပြ
ဆိုင်ရာ အစီရင်ခံစာကို ထုတ်ပြန်လိုက်

### ဆိုက်ဘာလုံခြုံရေးဥပဒေ မူကြ
သက်ဆိုင်သော နောက်ဆုံးပေါ်
အခြေအနေနှင့် ယင်း၏ ဒစ်ဂျစ်
အခွင့်အရေးနှင့် ဒစ်ဂျစ်တယ် စီ
အပေါ် သက်ရောက်မှုများ

ဖေဖော်ဝါရီ 15, 2022





၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ
နေ့တွင် ပို့ဆောင်ရေး
သွယ်ရေးဝန်ကြီးဌာနမှ
များ၊ ဗဟိုဘဏ်၊ မြန်မာနိုင်ငံကုန်သ
စက်မှုလက်မှုလုပ်ငန်းရှင်များ
မြန်မာနိုင်ငံ ကွန်ပျူတာ အသင်းချုပ်၊
ရေး လိုင်စင်ကိုင်ဆောင်ထားသူများ၊
ငွေရေးကြေးရေး အဖွဲ့အစည်
သဘောထား မှတ်ချက်ပေးရန်
အကြောင်းကြားထားသည့် ဆိုက်ဘ
ဥပဒေ မူကြမ်း၏ နောက်ဆုံး ဆ

ပတ်သက်၍ အခြားသော သက်ဆို
အတူ MCRB မှလည်း စိုးရိမ်မှုများဖြစ်ရ



ယခင်

ကုလသမဂ္ဂ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ လမ်းညွှန် အခြေခံမူများ၏ ဆယ်နှစ်ပြည့်အထိမ်းအမှတ် အား ကျင်းပခြင်း



နောက်တစ်ခု

ကချင်ပြည်နယ်ရှိ ကျောက်စိမ်းသတ္တုတွင်းဆိုင်ရာ ပတ်ဝန်းကျင် စီမံခန့်ခွဲမှုအစီအစဉ်များ

## ၂၀၂၁ခုနှစ်အတွင်း ကုမ္ပဏီများ
## သွယ်ပြန်ကြားမှု ဦးစားပေး လု
## ခြင်းမရှိသည်ကို ပွင့်သစ်စ ၂၀၂
## အကျော့ ရမှတ်များက ဖော်ပြ

ဇန်နဝါရီ 26, 2022

Yever နှင့် MCRB
ပွင့်သစ်စ ၂၀၂၂ ဆန်းစ
ပထမအကျော့ အမှ
ပြီးဆုံးခဲ့ပြီဖြစ်သည်။ လေ့လာဆန်းစစ်
သော ကုမ္ပဏီ ၂၆၉ ခုကို ယခုအခါတွင်
များ ပေးပို့ထားပြီဖြစ်ပြီး မိမိတို့၏ ရ
ကြည့်ရှုသုံးသပ်ကြရန် တိုက်တွန်းလိုပါ

ရန်ပုံငွေများကို ယူကေအစိုးရ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်၊ အိုင်ယာလန် နှင့် ဒိန်းမတ်နိုင်ငံတို့ မှရရှိပါသည်။

UKaid
NORWEGIAN MINISTRY OF FOREIGN AFFAIRS
Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra
Government of the Netherlands
Irish Aid
Department of Foreign Affairs
An Roinn Gnóthaí Eachtracha
DENMARK

© 2022 Myanmar Centre for Responsible Business | Privacy Policy | Website by Ethical Sector